

PRUDENTIAL
ပရူဒန်ရှယ်အာမခံ

Listening. Understanding. Delivering.

# PRUFlexiprotect CI

## ဒို့တွေတကယ် လုံခြုံမှုပေးပါတယ်၊

တန်ဖိုးကြီးမားတဲ့ကုသမှုတွေအတွက် ငွေကြေးထောက်ပံ့မှု

PRUFlexiprotect CI ဟာ အပြင်းအထန်နာမကျန်းမှုအတွက် အကျိုးခံစားခွင့်ရရှိနိုင်မယ့် သီးသန့်အစီအစဉ်ဖြစ်ပါတယ်။ တကယ်လို့ ကိုယ့်မှာ အသက်အာမခံဝယ်ထားပြီးသားရှိရင်လည်း ပိုမိုပြည့်စုံစေမယ့် အာမခံအစီအစဉ်ဖြစ်ပါတယ်။ ကိုယ်နဲ့ သင့်တော်တဲ့ အာမခံအမျိုးအစား၊ အာမခံ သက်တမ်းနဲ့ အကာအကွယ်ပမာဏ စသဖြင့် ရွေးချယ်နိုင်မှာပါ။



# သင့်ဘဝ၊ သင့်ရွေးချယ်မှု

## အပြင်းအထန်နာမကျန်းဖြစ်ပေါ်ခဲ့လျှင် ရရှိနိုင်မည့် ငွေကြေးထောက်ပံ့မှု

အပြင်းအထန်နာမကျန်းမှုဖြစ်ပေါ်လာပါက PRUFlexirprotect CI ၏အာမခံထားငွေကို စတင်အသုံးပြုနိုင်ပြီဖြစ်သည်။ ရောဂါကုသမှုအတွက်လည်း အသုံးပြုနိုင်ပါသည်။ ယခုအာမခံအကာအကွယ်အား အနည်းဆုံး မြန်မာငွေ သိန်း (၃,၀၀၀,၀၀၀)ကျပ် အာမခံထားငွေအဖြစ်ထားရှိပြီး ဝယ်ယူနိုင်ပါသည်။

## သင့်အတွက် အဆင်ပြေသင့်တော်သည့် ငွေပေးချေမှုပုံစံနှင့် အာမခံထားလိုသည့် ကာလကို ရွေးချယ်နိုင်ခြင်း

အာမခံကာလကို (၇) နှစ်၊ (၁၀) နှစ်၊ (၁၅) နှစ် သို့မဟုတ် (၂၀) နှစ်အထိ ရွေးချယ်ဝယ်ယူနိုင်ပြီး အသက် (၇၀) နှစ် မတိုင်ခင်အထိ မိမိဝယ်ယူထားသည့် အာမခံသက်တမ်း ကုန်ဆုံးတိုင်း ပရီမီယံကြေးပေးသွင်းကာ ရိုးရှင်းလွယ်ကူစွာပြန်လည် သက်တမ်းတိုးနိုင်မည်ဖြစ်သည်။ ပရီမီယံကြေးကို နှစ်စဉ်၊ တစ်နှစ် နှစ်ခါ၊ သုံးလတစ်ခါ သို့မဟုတ် တစ်လတစ်ခါ ပေးသွင်းနိုင်မည် ဖြစ်ပါသည်။

| | | | | |
|---|---|---|---|---|
| အာမခံကာလ | 7 | 10 | 15 | 20 |
| ငွေပေးသွင်းနိုင်သည့်ကာလ | 7 | 10 | 15 | 20 |
| အာမခံထားနိုင်သည့် အမြင့်ဆုံးအသက်အရွယ် သတ်မှတ်ချက်၊ သက်တမ်းတိုးနိုင်သည့် အသက်အရွယ် ၅၅ နှစ် ၅၀ နှစ် ၄၅ နှစ် | 63 | 60 | 55 | 50 |
| အာမခံထားနိုင်သည့် အမြင့်ဆုံး အသက်အရွယ် | 70 | 70 | 70 | 70 |

## အပြင်းအထန်နာမကျန်းမှု ရောဂါအမျိုးအစားများစွာအတွက် ကာကွယ်ပေးပါတယ်။

အပြင်းအထန်နာမကျန်းမှု ရောဂါအစောပိုင်းအဆင့် (သို့မဟုတ်) နောက်ဆုံးအဆင့်ကို ခံစားနေရပါက အာမခံအကာအကွယ်ကို ရရှိမည်ဟု သတ်မှတ်နိုင်ပါသည်။
အာမခံဝယ်ယူထားသူအနေဖြင့် ယခုအာမခံအကာအကွယ်အတွက် အကျုံးဝင်သော အပြင်းအထန်နာမကျန်းမှု ရောဂါ အမျိုးအစားပေါင်း (၂၀) အနက် ရောဂါတစ်မျိုးမျိုးကြောင့် ဆေးကုသမှုခံယူရပါက ဆေးကုသစရိတ်အတွက် ငွေကြေး




ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။ ရောဂါကုသမှုအစောပိုင်းတွင် ယခုအကျိုးခံစားခွင့်၏ အာမခံထားရှိငွေမှ (၂၅) ရာခိုင်နှုန်းကို ကြိုတင်ပေးအပ်သွားမည်ဖြစ်သည်။ ရောဂါကုသမှုနှောင်းပိုင်းတွင် ယခုအကျိုးခံစားခွင့်၏ အာမခံထားရှိငွေ (၁၀၀) ရာခိုင်နှုန်း သို့မဟုတ် ကုသမှုအစောပိုင်းတွင် နစ်နာကြေးရယူပြီးပါက ကျန်ရှိသည့် (၇၅) ရာခိုင်နှုန်းကို ပေးအပ် သွားမည်ဖြစ်သည်။

### အစောပိုင်းအဆင့် အပြင်းအထန် နာမကျန်းဖြစ်ခြင်း
### Early Stage Critical Illness

- ကင်ဆာအစောပိုင်းအဆင့် - ကင်ဆာဆဲလ်စတင်ပြန့်ပွားရှိန် နှင့် သတ်မှတ်ထားသော ကိုယ်တွင်းအင်္ဂါများ၏ကင်ဆာ အစောပိုင်းအဆင့် (Early stage cancer)
- Defibrillator(သို့မဟုတ်)နှလုံးခုန်စက် ထည့်ခြင်း -Insertion of a permanent cardiac pacemaker or defibrillator
- နှလုံးသွေးကြောပိတ်ခြင်း (Coronary Angioplasty)
- လည်ပင်းသွေးကြောခွဲစိတ်မှု (Carotid Artery Surgery)
- ဦးနှောက်သွေးကြောပေါက်၍ ခွဲစိတ်ခြင်း (Cerebral Aneurysm Surgery)
- အသည်းအစိတ်အပိုင်းကို ဖယ်ရှားခွဲစိတ်ခြင်း (Partial surgical removal of the liver)
- အဆုတ်တစ်ခြမ်း ဖယ်ရှားခွဲစိတ်ခြင်း (Surgical removal of one Lung )
- ကျောက်ကပ်တစ်ခြမ်း ဖယ်ရှားခွဲစိတ်ခြင်း (Surgical removal of one kidney)
- သွေးလွှတ်ကြော အသေးစားခွဲစိတ်ခြင်း (Minimally invasive surgery to aorta)
- အူသိမ်အူမ အစားထိုးခွဲစိတ်ခြင်း (Small Bowel Transplant)

### နောက်ဆုံးအဆင့် အပြင်းအထန် နာမကျန်းဖြစ်ခြင်း
### Late Stage Critical Illness

- ပြင်းထန်သည့်ကင်ဆာရောဂါ(Major Cancers)
- သတ်မှတ်ထားသော ပြင်းထန်သည့် နှလုံးဖောက်မှု (Heart Attack of Specified Severity)
- နှလုံးသွေးကြော လမ်းကြောင်းလွှဲခြင်း (Coronary Artery By-pass Surgery )
- အာရုံကြော ထာဝစဉ်ထိခိုက်ပြီး လေဖြတ်ခြင်း (Stoke with Permanent Neurological Deficit )
- အသည်း လုံးဝပျက်စီးခြင်း (End Stage Liver Failure)
- အဆုတ် လုံးဝပျက်စီးသည့်ရောဂါ (End Stage Lung Disease)
- ကျောက်ကပ်ပျက်စီးခြင်း (Kidney Failure )
- ရင်ခေါင်းဖွင့်၍ ပင်မသွေးလွှတ်ကြော ခွဲစိတ်ခြင်း (Open Chest Surgery to Aorta )
- ရင်ခေါင်းဖွင့်၍ နှလုံးအဆို့ရှင် ခွဲစိတ်ခြင်း (Open Chest Heart Valve Surgery)
- အဓိက အင်္ဂါများအစားထိုးကုသခြင်း (Major Organ Transplant)

မှတ်ချက် - အထက်ပါရောဂါများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ပြည့်ပြည့်စုံစုံ သိရှိလိုပါက ပရူဒန်ရှယ်အာမခံ၏အရောင်းကိုယ်စားလှယ်များအား မေးမြန်းနိုင်ပါသည်။

## **PRU**Flexiprotect CI နဲ့အတူ အခွန်သက်သာခွင့်ကို ရယူလိုက်ပါ။

ယခုအာမခံ အကာအကွယ်အတွက် ပရီမီယံကြေးများ ပေးဆောင်ရာတွင် အခွန်ငွေသက်သာခွင့် ရရှိနိုင်မည်ဖြစ်သည်။ နှစ်စဉ်ဝင်ငွေခွန်ကို လျှော့ချပေးနိုင်ပြီး သင်ပေးဆောင်ရမည့် ပရီမီယံကြေးပမာဏကိုလည်း သက်သာစေနိုင်မည်ဖြစ်သည်။ ပရူဒန်ရှယ်အာမခံ၏ PRUTax Calculator သည် သင်ရယူနိုင်မည့် ဝင်ငွေခွန် နုတ်ယူမှု ပမာဏ၏ ခန့်မှန်းခြေကို တွက်ချက်ပေးသွားမည်ဖြစ်သည်။ နှစ်စဉ်ဝင်ငွေခွန်နုတ်ယူခြင်းဖြင့် အာမခံပရီမီယံကြေး ပေးသွင်းခြင်းကို လျှော့ကျထားနိုင်ရန်အတွက် ကျွမ်းကျင်သူများနှင့် ဆွေးနွေးတိုင်ပင်ရန် ပရူဒန်ရှယ်အာမခံအနေဖြင့် အကြံပေးလိုပါသည်။

## ၂၁ ရက်တာ စောင့်ကြည့်ကာလ

သင့်အနေနှင့် အာမခံပေါ်လစီကို လက်ခံရရှိသည့်အချိန်မှစ၍ (၂၁) ရက် အတွင်း ပေါ်လစီပါအချက်အလက်နှင့် အကျိုးခံစားခွင့်၊ ကန့်သတ်ချက်များအကြောင်း အသေးစိတ် ဖတ်ရှုလေ့လာနိုင်ပါသည်။ အဆိုပါကာလအတွင်း ပေါ်လစီပါ အချက်အလက်များက သင့်လိုအပ်ချက်များနှင့် ကိုက်ညီမှုမရှိပါက ပေါ်လစီကို ပယ်ဖျက်နိုင်မည်ဖြစ်သည်။ အဆိုပါကာလအတွင်း စောင့်ကြည့်ကာလလျှောက်လွှာပုံစံတွင် အချက်အလက်ဖြည့်သွင်းပြီး တင်သွင်းခဲ့ပါက ပရီမီယံကြေးစုစုပေါင်းထဲမှ ကျန်းမာရေးစစ်ဆေးခြင်းအတွက် ကုန်ကျစရိတ် တစ်စုံတစ်ရာရှိပါက ထိုကုန်ကျစရိတ်ကို နုတ်ပြီး ပြန်လည်ပေးချေသွားပါမည်ဖြစ်သည်။

## **PRU**Flexiprotect CI အာမခံအစီအစဉ် - ဥပမာ

| | |
|---|---|
| အခြေခံပေါ်လစီ၏အာမခံထားမည့် ပမာဏ ( အပြင်းအထန်နာမကျန်းမှုဖြစ်ပေါ်ခဲ့လျှင် ရရှိနိုင်မည့်အကျိုးခံစားခွင့် ) | မြန်မာငွေ (၁၀,၀၀၀,၀၀၀) ကျပ် |
| ပေါ်လစီသက်တမ်း (ပေးဆောင်ရမည့်အချိန်ကာလနှင့် အကာအကွယ်ရနိုင်သည့်ကာလ) | ၁၀ နှစ် |
| အသက် | ၃၀ နှစ် (နောင်လာမည့်မွေးနေ့ရက်မတိုင်ခင်) |
| အပြင်းအထန် နာမကျန်းမှုအကာအကွယ်အတွက် အကျိုးခံစားခွင့် (ရောဂါအစောပိုင်းအဆင့်)<br>မြန်မာငွေ (၁၀,၀၀၀,၀၀၀) ကျပ် X ၂၅% | မြန်မာငွေ (၂,၅၀၀,၀၀၀) ကျပ် |
| အပြင်းအထန်နာမကျန်းမှု အကာအကွယ်အတွက် အကျိုးခံစားခွင့် (ရောဂါနောင်းပိုင်းအဆင့်)<br>မြန်မာငွေ (၁၀,၀၀၀,၀၀၀) ကျပ် - မြန်မာငွေ (၂,၅၀၀,၀၀၀) ကျပ်<br>(ကြိုတင်ပေးအပ်ခဲ့သော ရောဂါ အစောပိုင်းအဆင့် အကျိုးခံစားခွင့်) | မြန်မာငွေ (၇,၅၀၀,၀၀၀) ကျပ် |
| နှစ်စဉ်ပရီမီယံကြေး | မြန်မာငွေ (၁၁၄,၄၂၀) ကျပ် |
| စုစုပေါင်းပေးဆောင်ရမည့် ပရီမီယံကြေး | မြန်မာငွေ (၈၀၀,၉၄၀) ကျပ် |





## အာမခံဝန်ဆောင်မှု မဝယ်ယူခင် သိထားသင့်သောအချက်များ

- **ရှိရင်းစွဲရောဂါအခြေအနေများ –** အာမခံဝန်ဆောင်မှု မဝယ်ယူခင် ဖြစ်ပေါ်ခဲ့ပြီး/ရှိနှင့်ပြီးသော ရောဂါအခြေအနေများ၊ ထိခိုက်ဒဏ်ရာရခြင်းနှင့် ဖျားနာခြင်းများသည် အပြင်းအထန်နာမကျန်းမှုအတွက်ရရှိနိုင်မည့် အကျိုးခံစားခွင့်အဖြစ် အကျုံးဝင်ခြင်းမရှိပါ။
- **စောင့်ဆိုင်းကာလ –** ယခုအာမခံဝန်ဆောင်မှုတွင် အကျုံးဝင်သော အပြင်းအထန်နာမကျန်းမှုအတွက် အကျိုးခံစားခွင့်သည် အာမခံပေါ်လစီထုတ်ပြန်သည့်နေ့မှစ၍ ပြက္ခဒိန် ရက်ပေါင်း (၉၀) ကျော်လျှင် စတင်သက်ရောက်မှုရှိမည်ဖြစ်သည်။
- **ကျန်းမာရေးကောင်းမွန်စွာ နေထိုင်ရမယ့်ကာလ –** အာမခံထားရှိသူသည် အပြင်းအထန်နာမကျန်းမှုအတွက် ရရှိနိုင်မည့် အကျိုးခံစားခွင့်များရရှိနိုင်ရန် ဆေးကုသမှုခံယူထားသည့်နေ့မှစ၍ အနည်းဆုံး ပြက္ခဒိန်ရက်(၁၄) ရက်အတွင်း ကျန်းမာရေး ကောင်းမွန်စွာနေထိုင်ရမည်ဖြစ်သည်။
- **အာမခံဝန်ဆောင်မှုအတွက် အကျုံးမဝင်သည့်အချက်များ –** သင်၏ PRUFlexiprotect CI ပါ အပြင်းအထန်နာမကျန်းမှု အကာအကွယ် အကျိုးခံစားခွင့်အတွက် ရရှိနိုင်သော ရာနှုန်းပြည့်နစ်နာကြေးပမာဏအပေါ် အကျိုးသက်ရောက်မှုရှိနိုင်သည့် အခြေအနေများလည်း ရှိနိုင်ပါသည်။ ဥပမာ – အာမခံပေါ်လစီ စတင်သည့်နေ့ရက် သို့မဟုတ် အာမခံ ပယ်ဖျက်ပြီးနောက် ပြန်လည်ထည့်သွင်းသည့်နေ့ရက် သို့မဟုတ် အကျိုးခံစားခွင့်၏ အကျိုးသက်ရောက်သည့်နေ့ရက် မတိုင်မီ ဖြစ်ပေါ်ခဲ့ပြီး၊ ရှိခဲ့ပြီးသော ရောဂါအခြေအနေများနှင့် ထိုကာလနောက်ပိုင်းတွင် ပရူဒန်ရှယ်အာမခံအား အသိမပေးထားသော၊ ပရူဒန်ရှယ်အာမခံက လက်ခံထားခြင်းမရှိသော ရှိရင်းစွဲရောဂါအခြေအနေများသည် အကျုံးမဝင်ပါ။ အာမခံဝန်ဆောင်မှု အကျုံးမဝင်သည့် အသေးစိတ်အချက်အလက်များကို သင့်ရဲ့သက်ဆိုင်ရာ အာမခံဝန်ဆောင်မှု အရောင်းကိုယ်စားလှယ်ထံ ဆက်သွယ်မေးမြန်းနိုင်မည်ဖြစ်ပါသည်။
- **အာမခံဝယ်ယူနိုင်ရန် သတ်မှတ်ချက် ပြည့်မီခြင်း ရှိမရှိ စစ်ဆေးခြင်း –** သင့်အနေဖြင့် အာမခံဝန်ဆောင်မှု မဝယ်ယူမီ အလုံးစုံ ကျန်းမာရေးစစ်ဆေးမှုခံယူခြင်း သို့မဟုတ် ကျန်းမာရေးနှင့်ကိုယ်လက်အင်္ဂါများ၏ ဆေးစစ်မှုအခြေအနေ အထောက်အထား ပြသရန် လိုအပ်ပါသည်။ အဆိုပါ လုပ်ငန်းစဉ်များသည် အာမခံထားရှိမည့်ငွေပမာဏ၊ အသက်အရွယ်၊ အဓိကအလုပ်အကိုင်နှင့်/သို့မဟုတ် အရံအလုပ်အကိုင်တို့အပေါ်တွင် မူတည်ပါသည်။
- **ငြင်းဆိုပိုင်ခွင့်မရှိခြင်း –** ပရီမီယံကြေးများ ပေးသွင်းမှု မရှိခြင်း သို့မဟုတ် မြန်မာနိုင်ငံရှိ ဥပဒေ/တရားစီရင်ရေးအရ အသိအမှတ်ပြုထားသော အချက်များကြောင့်မှလွဲ၍ ကုမ္ပဏီသည် အာမခံထားသူ သက်ရှိထင်ရှားရှိစဉ် ဤပေါ်လစီကို ပေးအပ်သည့် ရက်စွဲမှ သို့မဟုတ် ပေါ်လစီအား ပြန်လည်တည်မြဲစေသည့် ရက်စွဲမှစ၍ နှစ် (၂) နှစ်တာ ကာလအတွင်း အတည်ဖြစ်သော ပေါ်လစီနှင့်စပ်လျဉ်း၍ တောင်းဆိုမှုကို ကုမ္ပဏီက ငြင်းပယ်ခွင့်မရှိပါ။

**Prudential Myanmar Life Insurance Limited**

# 15-01, 15th Floor, Sule Square, 221 Sule Pagoda Road,
Kyauktada Township,Yangon, Myanmar.
Customer service Hotline : 09770110010
www.prudential.com.mm
www.facebook.com/prudentialmyanmarlifeinsurance

PRUDENTIAL
ပရူဒန်ရှယ် အာမခံ